# ယကြာတော့မဟုတ်ပါ

လူတစ်ယောက် ဆေးစစ်ခံရာ ဆရာဝန်က တစ်နှစ်သာ အသက်ရှည်တော့မည်ဟု ပြောလိုက်သည်၊ ထိုသူသည် ဘာသာရေးဆရာနှင့် ဆွေးနွေးရန် ဆုံးဖြတ်လိုက်သည်။ သူပြောပြသမျှ နားထောင်ပြီးသောအခါ ဘာသာရေးဆရာက အကြံပေးလိုက်သည်။

"ခင်ဗျား လုပ်ရမှာက အရုပ်ဆိုးတဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ရမယ်၊ ပြီးတော့ အတောင်ဆင်းရဲနွမ်းပါးတဲ့ ရပ်ကွက်မှာ အဖီတဲလေးတစ်လုံးထိုးပြီး နေထိုင်ရမယ်"

"အဲဒါ ယကြာချေတဲ့သဘောလား၊ အဲသလိုလုပ်ရင် အသက်ပိုရှည်မှာလားဟင်"

"ဟင့်အင်း၊ အဲသလိုလုပ်ခြင်းအားဖြင့် လူပြည်မှာ အသက်ရှင်နေရတဲ့ ကာလတွေဟာ အရမ်းရှည်လွန်းတယ်လို့ ခင်ဗျား ထင်လာလိမ့်မယ်"